# ပုသိမ်မြို့နယ်

# ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု

# ပျဉ်းကတိုးကုန်းကျေးရွာ

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

(ပုသိမ်မြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက

ကူညီရေးဆွဲသည်။)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ

# မာတိကာ

**စကားချီး**


ပျဉ်းကတိုးကုန်းကျေးရွာ သယံဇာတပြမြေပုံ၊ ပုသိမ်မြို့နယ်

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

(၁) **နိဒါန်း။ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့်အကျိုးအကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) **ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) **ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) လူဦးရေးဆိုင်ရာအချက်အလက်များ

(ခ) စီးပွါးရေးအခြေအနေ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့် ကွမ်းကျင်မှုများ

(စ) ကျား/မ ရေးရာဆိုင်ရာ

(၄) **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သား/ ငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီမှု ၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေ ကောင်းများ အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

- (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
- (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

(၇) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

(၈) **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ကာလ**

- (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေအစီအစဉ်
- (ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း
- (ဂ) ဦးစားပေးစီမံချက်
- (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလာ

(၉) **ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**


(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

- (က) ကျေးရွာဖွံ့ဖြိုးရေးအခန်းကဏ္ဍ
- (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
- (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးမည့်အဖွဲ့အစည်းများ
- (ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) **စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

- (က) ကြီးကြပ်စစ်ဆေးခြင်း
- (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
- (ဂ) နည်းပညာဆိုင်ရာအကူအညီ

# ပုသိမ်မြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စုအခြေပြမြေပုံ



## နောက်ဆက်တွဲ

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**

(၁) လူမှုစီးပွါးရေးအခြေအနေ အချက်အလက်များအားလုံးကို ဖော်ပြပေးထားပါသည်။

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအားလုံး (၃၈)ချက်ကို ဖော်ပြပေးထား ပါသည်။

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ။**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေ ကောင်းများ။**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော် လွှားရမည့် စိန်ခေါ်မှုများ။**

**နောက်ဆက်တွဲ (၃) (ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ကိုးကားစာရင်း**

(က) **စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ (၄)ရပ်တာ သင်တန်းပို့ချပေးပြီး အဓိကကျသည့် အချက်အလက် ကောက်ယူမှုနှင့် ဖွဲ့စည်းပုံစီမံချက်ရေးဆွဲနည်း၊ အဓိကကျသည့် အချက်အလက်များစွာကို ထိရောက်စွာ သင်တန်းပေးခဲ့သည့် (၄)ရက်အချိန်အတွင်း ပြည့်စုံမှုနှင့် သင်တန်းသားများအား နားလည်သဘောပေါက် သင်ကြားပို့ချပေးခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပို့ချပေးသူနှင့်တကွ ဝိုင်းဝန်းကူညီပေးခဲ့သည့် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်တော်တို့သည် ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲဘူးခြင်းမရှိခဲ့ပါ။ အတွေ့အကြုံမရှိသူများ လည်းဖြစ်ပါသည်။ ယခုကောက်ယူသည့်အချက်အလက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်ရေးဆွဲရာတွင် အရေးပါအရာရောက်ပြီး တိကျမှန်ကန်သည့် အချက်အလက်များနှင့်အတူ စီမံချက်အတွက်အထူးအရေးကြီး သည်ကို သိရှိခဲ့ရပါသည်။ ယခုအစီအစဉ်တွင် လက်ရှိလူမှုစီးပွါးရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာ စိန်ခေါ်မှုနှင့် လိုအပ်ချက် အများစုကို တွေ့ရှိရပါသည်။ လိုအပ်ချက်နှင့် အဟန့်အတားများကို (၅)နှစ်တာ ကာလအတွင်း လိုအပ်သည့် လုပ်ငန်းရည်မှန်းချက်များရရှိရန် ကျွန်တော်တို့ ကျေးရွာအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ် အချက်အလက်များကို စနစ်တကျ ရှင်းလင်းစွာဖော်ပြထားပါသည်။ ကျွန်တော်တို့၏ မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ဆက်သွယ်ရေးအဖွဲ့အစည်းများ၏

အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု၊ ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို ရရှိစေပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ယခင်ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲဘူးခြင်းမရှိသဖြင့် ယခုကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ကျေးရွာစီမံချက်နှင့် လုပ်ငန်းမူဝါဒများ ရေးဆွဲခြင်းကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပြီသည်။ ဤသို့ဖြင့် လုပ်ငန်းများကို ကျေးရွာလူထုပါဝင်၍ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိကျစွာ ပံ့ပိုးပေးရာရောက်ပါသည်။ ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် အခက်အခဲများလည်း ရှိပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျေးရွာ၏ လုပ်အပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းလုပ်ငန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။

## ၁။ ပထဝီဝင်အနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအတား

ကျေးရွာသည် ပုသိမ်မြို့ မြို့ပါတ်လမ်းပေါ်တွင်တည်ရှိပြီး ပုသိမ်မြို့ပေါ်နှင့် သွားလာမှုလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်တွင်တည်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း အနည်းငယ်နှင့် ဈေးရောင်း၊ အထည်ချုပ်လုပ်ငန်းနှင့် ကြပမ်းအလုပ်သမား အများစု လုပ်ကိုင်ကြသည်။ ကျေးရွာ၏ ပတ်ပတ်လည်တွင် ချောင်းများရှိပြီး မိုးစပါးဧက (၂၀၄)ကျော် စိုက်ပျိုးပြီး၊ နွေစပါးဧက (၁၅၀) ကျော်စိုက်ပျိုးပါသည်။ မိုးရာသီ မိုးစပါးစိုက်ပျိုးမှုတွင် ရေကြီးနစ်မြုပ်မှုကို နှစ်စဉ်အနည်းနှင့်အများ ခံရပါသည်။

### (ခ) သဘာဝအရင်းအမြစ်

စပါးစိုက်ပျိုးနိုင်သည့် လယ်မြေဧက (၂၀၄)ကျော်ရှိပြီး မြေပြန့်ဒေသဖြစ်၍ မြေဆီမြေသြဇာ အသင့်အတင့် ကောင်းမွန်ပြီး အခြားသဘာဝ သယံဇာတ ထွက်ရှိခြင်း မရှိပါ။

## ၂။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေးဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၂၈၇)စုရှိပြီး ကျား (၅၇၀)ဦး၊ မ (၆၃၈)ဦး၊ စုစုပေါင်း (၁၂၀၈)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ (၄.၆)ဦးနှုန်းရှိကာ နိုင်ငံတော်မှ သတ်မှတ်သည့် တစ်အိမ်ထောင် (၅)ဦးထက် လျော့နည်းသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး ကျေးရွာရှိ လူဦးရေးပေါင်း၏ (၆၈%)ခန့်သည် အလုပ် လုပ်နိုင်သူများဖြစ်သဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေးတိုးတက်အောင် စွမ်းဆောင်နိုင်ပါမည်။

## (ခ) စီးပွါးရေးအခြေအနေ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာလူထု၏ အဓိကဝင်ငွေရလုပ်ငန်းဟု တစ်မျိုးတည်းပြစရာ မရှိပါ။ လယ်မြေမှာလည်း အနည်းစုသာရှိပြီး စျေးရောင်းအမျိုးမျိုး၊ အထည်ချုပ်စက်ရုံဆင်း၊ ပန်းရံ၊ လက်သမားနှင့် ကျဘမ်းလုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ကြသည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့် ဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။ ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်ထက် ဆင်းရဲ/အလွန်ဆင်းရဲ ဦးရေက ပိုများနေသည့်ကို တွေ့ရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အထည်ချုပ်စက်ရုံဆင်းလုပ်ငန်း၊ လက်လီခေါင်းရွက်ဗျက်ထိုး လုပ်ငန်း၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ကျဘမ်းလုပ်ငန်းများတွင် အလုပ် လုပ်ကိုင်ရှာဖွေ ရရှိနိုင်ကြပါသည်။ ချမ်းသာနှင့် အလည်အလတ် အဆင့်ရှိသူတို့သာ သူတစ်ပါးထံမှ မချေးငှားဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ / အလွန်ဆင်းရဲတို့မှာ ချမ်းသား/အလယ်အလတ်ဦးရေးထက် ပိုများပြီး သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စွာ စားနိုင်ကြောင်း တွေ့ရပါသည်။

## (ဃ) ကျန်းမာရေးနှင့်အဟာရ

ကျေးရွာတွင် ရွာသူ/သား အများစုသည် ကျန်းမာရေးကောင်းမွန်သည်ကို တွေ့ရပါသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခင် ၂၀၁၅ ခုနှစ်ထက် လျော့ကျသွားသည်ကို တွေ့ရပါသည်။ အမျိုးသမီး ၊ လူငယ်/ရွယ်၊ သက်ကြီးရွယ်အိုတို့မှာလည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာများရှိကြသည်ကို တွေ့ရပါသည်။ ဆေးဆိုင်၊ ဆေးခန်း၊ ဆေးရုံတို့နှင့်လည်း အနီးစပ်ဆုံး သွားလာမှု လွယ်ကူပါသည်။။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရပါသည်။ ဘွဲ့ရပြီးသူ အတော်အသင့်ရှိပြီး ရွာသူ/သားများသည် အခြေခံပညာ အရေးအဖတ်အတွက်တို့ကို တတ်မြောက်ကြပြီး အခြေခံပညာမူလတန်းအဆင့်ကို ရွာထဲရှိ မူလတန်းကျောင်းတွင် သင်ယူကြပါသည်။

## (စ) ကျား/မရေးရာဆိုင်ရာ ကိစ္စများ

ကျေးရွာတွင် ကျား/မ ရေးရာဆိုင်ရာကိစ္စရပ်များတွင် လွပ်လပ်မှုရှိသည်ကို တွေ့ရပါသည်။ ပညာရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် အခွင့်အရေးတူညီစွာ ရရှိကြသည်ဟု ပြောနိုင်ပါသည်။ ကျေးရွာလူမှု အဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မ အခြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံခြင်းဆိုင်ရာကိစ္စများ မတွေ့ရပါ။

## ၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်း (၃)ဖွဲ့ရှိသည်။ ဘာသာရေးဆိုင်ရာ ဂေါပကအဖွဲ့ နာရေးကူညီမှုအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ဖြစ်ကြပါသည်။ ၄င်းအဖွဲ့များအနက် အမျိုးသမီးရေးရာအဖွဲ့မှာ လုပ်ရှားဆောင်ရွက်မှု အားနည်းနေသေးသည်ကို တွေ့ရပါသည်။ နာရေးကူိမြူအသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးကိစ္စများကို ဆောင်ရွက်လျှက်ရှိပြီး လှုပ်ရှားမှု အားကောင်းသည်ကို တွေ့ရပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်း (၃)ခုမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### ( ခ) သီးနှံ၊သား/ငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါးနှင့် နွေစပါးသာစိုက်ပျိုးကြပြီး မိုးစပါးစိုက်ဧက (၂၀၄)၊ သီးထပ်အဖြစ် နွေစပါးကို စိုက်ပျိုးကြပါသည်။ မိုးစပါးပျှမ်းမျှထွက်နှုန်း တင်း (၇၀)တင်း၊ နွေစပါးမှာ ပျှမ်းမျှ (၈၀)တင်းထိ ထွက်ရှိကြပါသည်။ နွေစပါးကို မြစ်ရေ၊ ချောင်းရေတို့ဖြင့် ရေတင်စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် သား/ငါး ထုတ်လုပ်သည့် လုပ်ငန်းမျိုး မရှိပါ။ အနည်းစုသာ တစ်ဦးချင်း ငါး/ဖား ရှာဖွေခြင်းဆောင်ရွက်ပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းဟူ၍ မရှိပါ။ အခြားဝင်ငွေရလုပ်ငန်း ဖြစ်သော နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျတ်ထိုး ၊ အထည်ချုပ်စက်ရုံဆင်းအလုပ်၊ အစိုးရဝန်ထမ်းအလုပ်များ ဖြစ်ကြသည်။ ၄င်းအလုပ်များမှာ အသင့်အတင့် ဝင်ငွေတွက်ချေ ကိုက်ကြပြီး လက်လုပ်လက်စား အလုပ်သမားများမှာ စိုက်ပျိုးရေးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ချေကိုက်မှု နည်းပါးကြပါသည်။

### (ဃ) စိုက်ပျိုးရေးကဏ္ဍ စီမံခန့်မှု

ကျေးရွာတွင် မိုးစပါး၊ နွေစပါးများအား ဖျက်ပိုးအမျိုးမျိုးကျရောက်တတ်သဖြင့် ဓါတုပိုးသတ်ဆေး၊ မြေသြဇာသုံးစွဲမှုကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်ပါသည်။ နှစ်စဉ် မိုးစပါး ရေနစ်မြုပ်မှုဒဏ်ကို ခံရသဖြင့် မျိုးစပါး အပိုအလှျံထားရှိသင့်ပါသည်။ ကျေးရွာတွင် သယံဇာတ ထွက်ရှိမှု မရှိသဖြင့် စီမံခန့်ခွဲမှုမရှိပါ။

### ( င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို အတိုးနှုန်း (၅၀)ကျပ် အတိုးဖြင့် (၁)ဧက ( ၁၅၀၀၀၀ိ/-)ဖြင့် အများဆုံး (၁၀)ဧက အတွက် ချေးယူနိုင်သည်။ အလွန်ဆင်းရဲ / ဆင်းရဲနှင့် အလည်အလတ်ရှိသူများမှာ ငွေချေးအဖွဲ့ စတာပါနာ၊ ဝေါလ်ဗီးရှင်း၊ ပက်(စ်)မြန်မာ အဖွဲ့ (၃)မှ အတိုးနှုန်း အမျိုးမျိုးဖြင့် ချေးယူ သုံးစွဲကြပြီး ပြန်လည်ပေးသွင်းသည့် အချိန်လည်း အသင့်အတင့် အဆင်ပြေကြသည်။ အနည်းငယ်မျှသာ အခက်အခဲရှိသည်ကို တွေ့ရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်း ရှိပါသည်။ အလျား ပေ(၆၀)၊ အနံအကျယ်ပေ (၁၈)၊ L ပုံစံဖြစ်ပြီး သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းဖြင့် ဆောက်လုပ်ထားပါသည်။ ကျောင်းသားဦးရေ ကျား (၆၁)၊ မ (၅၇) ၊ ပေါင်း (၁၁၈)ယောက်သင်ကြားလျှက်ရှိပြီး ဆရာ/မ ဦးရေမှာ ကျား (၁)၊ မ (၅)၊ ပေါင်း (၆) ဦးဖြင့် သင်ကြားလျှက်ရှိပါသည်။ လွန်ခဲ့သောကျောင်းဖွင့် ရာသီ၌ မူလတန်းကျောင်းသားများအား ပြဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပေးခဲ့ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ အရန်သားဖွားဆရာမ (၁)ဦးသာရှိပြီး ဆ/မ လက်မှတ်ရ ဆရာဝန်တစ်ဦးထိုင်သော ပုဂ္ဂလိကဆေးခန်း (၁)ခုဖွင့်ထားပြီး ပုသိမ်ပြည်သူ့ဆေးရုံကြီးနှင့်လည်း မဝေးသဖြင့် ရွာသားများ၏ ကျန်းမာရေးမှာ အများအားဖြင့် ကောင်းမွန်ကြပါသည်။

ကျေးရွာတွင် သောက်ရေအတွက် ရေတွင်းအများဆုံး အသုံးပြုကြပြီး၊ မော်တာသုံး ရေတုံကင်များ တပ်ဆင်အသုံးပြုကြပါသည်။ သို့သော် နွေရာသီ၌ သောက်ရေရရှိမှု နည်းသဖြင့် သောက်ရေအခက်အခဲရှိပါသည်။

သန့်ရှင်းရေးအနေဖြင့် အိမ်သာများမှာ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာများ ဖြစ်ကြသောကြောင့် ဆက်စပ်ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှုများ မရှိသလောက်နည်းပါးကြ ပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေနားယူနိုင်မည့်နေရာ သီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာလူမှုရေးလုပ်ငန်းနှင့် ဘာသာရေးပွဲတော်များတွင် တက်တက်ကြွကြွ ပါဝင်လုပ်ကိုင်ကြပါ သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင် ခြင်းမရှိသေးပါ။

## (ဇ) အခြေခံအဆောက်အဦ၊ လမ်း/တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာ၏အလယ်တွင် အုပ်ချုပ်ရေးမှူးရုံးနှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိ ပါသည်။ ကျေးရွာ၏ လမ်းမကြီးကို ကွန်ကရစ်လမ်းဖြစ်အောင် ယခုလမှ စ၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ လုပ်ဆောင်လျှက်ရှိပါသည်။ ကျေးရွာ၏ ရွာတွင်းလမ်းများမှာ မြေသားလမ်း များဖြစ်ပြီး မိုးရာသီ၌ စက်ဘီး/ဆိုင်ကယ်များ သွားလာမှု ခက်ခဲကြပါသည်။ ကျေးရွာ၏ (၈၀%) ခန့်သည် လျှပ်စစ်မီး အသုံးပြုကြပါသည်။ သို့သော် ကျေးရွာ၏ (၄၀%)ခန့်မှာ ကိုယ်ထူကိုယ်ထ ငွေကြေးဖြင့် ထည့်ဝင်၍ မီးသွယ်တန်း အသုံးပြုကြသူများဖြစ်ပါသည်။ ကျေးရွာ၏ အိမ်ခြေ (၉၀%)ခန့်သည် မိုလ်ဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြု၍ ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုများကို သုံးစွဲကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ဖွင့်ထားခြင်း မရှိသေးသဖြင့် လူငယ်များအတွက် ဗဟုသုတနှင့် အခြားအသိပညာများ အားနည်းနေသည်ကို တွေ့ရပြီး စာကြည့်တိုက် ရရှိရန် လိုအပ်နေပါသည်။

( ဈ) **တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှု နည်းပါးပြီး ရဲစခန်းသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ် ရေးဆွဲထားခြင်းမရှိပါ။

၅။ **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

(က) **ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်အသုံးပြုနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်စေခြင်း စသော လူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။ ကျေးရွာတွင် လူငယ်ပညာတတ်များ အသင့်အတင့်ရှိပြီး ၇၂% မှာ အလုပ်လုပ်နိုင်သူများဖြစ်ကြသည်။ ကျေးရွာတွင် လူငယ်များကို အသက်မွေးဝမ်းကြောင်း ပညာသင်တန်းများပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်စေပါသည်။ ကျေးရွာသားများသည် ကျန်းမာရေးအတွက်လည်း ဆေးခန်း၊ ဆေးရုံများနှင့် လက်လှမ်းမှီသဖြင့် အလွယ်တကူ ဆေးကုသ ခံယူနိုင်ကြပါသည်။ ကျေးရွာစာသင်ကျောင်းနှင့် လက်ရှိပံ့ပိုးမှုမှာ အသင့်အတင့်ကောင်းသော အနေအထားတွင် ရှိပါသည်။ သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် အနိမ့်ပိုင်းတွင်ရှိပြီး မြေဆီလွှာ အတော်အသင့် ကောင်းမွန်သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းနည်းပါးပြီး အလုပ်သမားနှင့် ဈေးရောင်းဈေးဝယ်များ အဆင်မြေချောမွေ့စွာ လုပ်ကိုင်နိုင်ကြပါသည်။

( ခ) **အဟန့်အတား**

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအတော်အသင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်မြေကို ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းကောင်းအောင် အားစိုက်ရပေမည်။ သို့သော် လယ်သမားများမှာ နှစ်စဉ်လိုလို မိုးစပါးစိုက်ပျိုးပြီးချိန်တွင် ရေနစ်မြုပ်မှုခံရသဖြင့် မျိုးစပါးနှင့် စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် လုံလောက်အောင် ချေးပေးသင့်ပါသည်။ ကျေးရွာတွင် ငွေတိုးပေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်တတ်ပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ခလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကြောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ယန္တရားတိုးတက်လာရမည်။

### ( ခ) အကောင်အထည်ဖော် နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားပါမည်-

(ခ-၁) ကျေးရွာတွင်အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရည်ရရှိရေးတို့ကိုဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားချေးငွေလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးသွားမည်။ အလားတူ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထွန်းကာလာရေးအတွက် သက်ဆိုင်ရာ နည်းပညညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ခ-၂) ကျွန်ုပ်တို့သည် မိုလ်ဘိုင်းဖုန်းပြင်၊ ဆိုင်ကယ်ပြင် ကဲ့သို့သော သင်တန်းများ တက်ရောက်နိုင်ရန် သင်တန်းသားများကို စီစဉ်ပေးမည်။ သင်တန်းများမှ သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးစေပြီး ဝင်ငွေရ လုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း၊ အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်းလုံခြုံမှုရှိရေးအတွက် ခြံစည်းရိုးကာခြင်း၊ ဟောင်းနွမ်းပစ္စည်းများကို ပြန်လည်ပြုပြင်၍ သဘာဝဘေးအန္တရာယ်ဒဏ် ခံနိုင်ရည်ရှိအောင် ပြုပြင်ဆောင်ရွက်သွားမည်။ ခလေးငယ်များ၏ ပညာရေး မြင့်မားရေးအတွက် မူလတန်းအဆင့်မှ အလယ်တန်း ကျောင်းအဆင့်ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ဃ) **ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ဤကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများ ရရှိရန်၊ အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းများရရှိပါသည်။ ကျေးရွာတစ်ရွာလုံး၏ အမျိုးမျိုးကွဲပြားနေသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်ရုံဆင်း၊ ကျဘမ်းအလုပ်သမားများအတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွါးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေး အောက်တွင်ထားရှိကာ (၁)နှစ်ပါတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်နှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနိုင်လည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် (၅)နှစ်တာကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသေသာ့ချက်ဖြစ်သည်-

(က) **နှစ်ပါတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုသည် (၅)နှစ်တာ စီမံချက်ကာလအတွက် လုပ်ငန်းများ ဖော်ထုတ်နိုင်ကြသော်လည်း (၂/၃)နှစ်ကာလအတွင်းသာ စီမံချက်များကို တိကျစွာအကောင်အထည်ဖော်ဆောင်နိုင်ကြမည်ဖြစ်၍ (၅)နှစ်တာကာလတလျောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပါတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်ကို ဆောင်ရွက်သွားကြမည်။

(ခ) **ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ တစ်ချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| အကြောင်းအရာ | စီမံချက် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် |
|---|---|---|
| အုပ်ချုပ်ရေးကဏ္ဍတိုးတက်မှု | ၁။ အဖွဲ့အစည်းဆိုင်ရာစွမ်းရည် မြှင့်တင်ပေးရေး | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း။<br>အလုပ်အမှုဆောင်ကော်မတီများ ဆောင်ရွက်ခြင်း။<br>ခေါင်းဆောင်မှုနှင့်ငွေကြေးစီမံခန့်ခွဲမှုသင်တန်းများ စီစဉ်ခြင်း။<br>အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာသင်တန်းများစီစဉ်ခြင်း။ |
| စိုက်ပျိုးရေးကဏ္ဍ၊ အခြေခံအဆောက်အဦနှင့် နည်းပညာသင်တန်းများ | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ ကျွမ်းကျင်မှုများ တိုးတက်ရေး | စိုက်ပျိုးရေးသွင်းအားစုများ ဆက်သွယ်မှုရရှိရန်။<br>✓ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး နည်းပညာသင်တန်း။<br>✓ စပါးအထွက်တိုး နည်းပညာသင်တန်း။ ( ပိုးမွှားရောဂါ ) |
| ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း။ ချေးငွေလက်လှမ်းမှီရေး။ | ၃။ သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရေး။ | ✓ အတိုးနှုန်းသက်သာမည့် ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ပေးရေး။<br>ချေးငွေအတွက်လိုအပ်သော အထောက်အထားများ ပြင်ဆင်ထားခြင်း။ |
| ပညာရေးဖွံ့ဖြိုးတိုးတက်ရေး | ၄။ ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး။ | ✓ ကျေးရွာ၌ အခြေခံပညာမူလတန်းအဆင့်မှ အလယ်တန်းကျောင်းအဆင့် ရရှိအောင် ဆောင်ရွက်ခြင်း။<br>သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။ |

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| အကြောင်းအရာ | စီမံချက် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ကျန်းမာရေးတိုးတက်လာစေရေး။ | ၅။ ကျေးရွာ၏ ကျန်းမာရေး တိုးတက်ကောင်းမွန်လာစေရေး။ | ကျေးရွာ၏ ကျေးလက် [illegible] စေ<br>ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း။ |
| လမ်းပန်းဆက်သွယ်ရေး လမ်း/တံတားကောင်းမွန်လာစေရေး | ၆။ ပို့ဆောင်ရေး အခြေခံအဆောက်အဦများတိုးတက်လာစေရေး။ | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း။<br>ပျဉ်းကတိုးကုန်းကျေးရွာနှင့် ပုသိမ်မြို့ ရကအ(၃) မြိုင်ဟေမာလမ်းနှင့် ဆက်သွယ်သည့် မြေသားလမ်းအား ကျောက်ချောလမ်းခင်းခြင်း။ |

# ဝမ်းစာဖူလုံမှုအခြေအနေနှင့် အကြွေးတင်မှု စစ်တမ်းကောက်ယူခြင်း

| စဉ် | အိမ်ထောင်ဦးစီး အမည် | မနအဆင့် | ဝမ်းစာဖူလုံမှုအခြေအနေ ကောက်ယူခြင်း (သက်ဆိုင်သည့် အကွက်ကို ✓ ခြစ်ရန်) | | | | | | | အကြွေးတင်မှု စစ်တမ်းကောက်ယူခြင်း (မှတ်ချက်တွင် ဖော်ပြထားချက်များကို အသုံးပြုရန်) | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | လွန်ခဲ့သော ၁၂ လအတွင်း ဝမ်းစာမဖူလုံ၍ | | | | ဝမ်းစာဖူလုံမှု (လ) | | | အကြွေးတင်မှု (ရှိ/မရှိ) | ပမာဏ (အကြွေးတင်လျှင်) | မည်သူ့ထံမှ ချေးယူ (၁–၇) | မည်သည့်ကိစ္စ အတွက်သုံးစွဲ (၈–၁၃) |
| | | | အခြားအစာပြောင်းလဲစား | လျှော့စား | ချေးယူ | အထောက်အပံ့ယူ | ၃ လ အောက် | ၃–၆ လ | ၆–၁၂ လ | | | | |
| ၁။ | ဦးမင်းနိုင် | C | မရှိ | မရှိ | ✓ | မရှိ | | | ✓ | မရှိ | | | |
| ၂။ | ဒေါ်မြမြ | C | ။ | ။ | ✓ | ။ | ✓ | | | ။ | | | |
| ၃။ | ဦးအေးကြွယ် | C | ။ | ။ | ✓ | ။ | | ✓ | | ။ | | | |
| ၄။ | ဦးဝင်းကြည် | C | ။ | ။ | ✓ | ။ | ✓ | | | ။ | | | |
| ၅။ | ဦးထွန်းထွန်းဝင်း | C | | | ✓ | | | ✓ | | ရှိ | | ၁ | ၁၃ |
| ၆။ | ဒေါ်ချိုလေး | C | | | ✓ | | | ✓ | | ။ | | ၄ | ၁၀ |
| ၇။ | ဦးစိုးထိုက် | C | | | ✓ | | | ✓ | | ။ | | ၄ | ၁၁ |
| ၈။ | ဦးအောင်မြိုင် | D | | | ✓ | | | ✓ | | ။ | | ၃ | ၁၃ |
| ၉။ | ဒေါ်အန္တ | D | | | ✓ | | | ✓ | | ။ | | ၃ | ၁၀ |
| ၁၀ | ဦးချစ်ဝင်း | D | | | ✓ | | | ✓ | | ။ | | ၂ | ၁၀ |
| ၁၁ | ဒေါ်ယဉ်န | D | | | ✓ | | ✓ | | ✓ | ။ | | ၂ | ၈ |
| ၁၂ | ဦးဌေးဝင်း | D | | | ✓ | | ✓ | | ✓ | ။ | | ၁ | ၉ |
| ၁၃ | ဦးတင်အောင်သန်း | D | | | ✓ | | ✓ | | ✓ | ။ | | ၃ | ၁၀ |
| ၁၄ | ဦးအောင်မြင့် | D | | | ✓ | | ✓ | | ✓ | ။ | | ၂ | ၁၂ |
| ၁၅ | ဦးကျော်မြင့် | D | | | ✓ | | ✓ | | ✓ | ။ | | ၃ | ၁၁ |

| | | | | |
|---|---|---|---|---|
| **မှတ်ချက်** | အပေါင်ဆိုင် –၃ | အစိုးရစီမံကိန်း – ၆ | အဝတ်အထည်၊ နေစရာ – ၉ | ဝင်ငွေရအလုပ်အကိုင် – ၁၂ |
| ဆွေမျိုး (သို့) မိတ်ဆွေ – ၁ | အစိုးရဘဏ် – ၄ | အန်ဂျီအို – ၇ | ကျန်းမာရေး – ၁၀ | အခြားပစ္စည်းများဝယ်ယူရန် – ၁၃ |
| ငွေတိုးချေးသူ – ၂ | ပုဂ္ဂလိကဘဏ် – ၅ | စားသုံးရန်အတွက် – ၈ | ပညာရေး – ၁၁ | |

## (ဂ) အကောင်အထည်ဖော်မည့်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းများအား ကာလအပိုင်းအခြားများကို အောက်ပါ ဇယားတွင် ဖော်ပြထားပါသည် -

| စဉ် | စီမံချက် (Project) | ဦးစားပေးအဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက်လာစေရေး။ (ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း) | ၁ | ✔ | ✔ | | | |
| ၂ | ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်လာစေရေး။ (အစိုးရအလယ်တန်းကျောင်းအဆင့်ဖြစ်လာရန်) | ၂ | ✔ | ✔ | ✔ | | |
| ၃ | အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုနှင့်ငွေကြေး စီမံခန့်ခွဲမှုသင်တန်းတက်ရောက်နိုင်ရန် | ၃ | ✔ | ✔ | | | |
| ၄ | စိုက်ပျိုးရေးဆိုင်ရာနည်းပညာ ဗဟုသုတ ကျွမ်းကျင်မှုများ တိုးတက်လာစေရေး။ | ၄ | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်သည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရေး။ | ၅ | ✔ | ✔ | | | |
| ၆ | ကျေးရွာ၏ ကျန်းမာရေးသတင်းအချက်အလကများ တိုးတက်လာစေရန် ဟောပြောပွဲများပြုလုပ်ခြင်း | ၆ | ✔ | ✔ | ✔ | ✔ | ✔ |

yar/U yin kon

## (ဃ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေစိတ်ဆက်လက်၍ ဆောင်ရွက်သွားပါမည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ | |
| ၁ | ရွာတွင်းလမ်းအရှည် ၁၇၀၀-အကျယ် (၆) ပေအား ကွန်ကရစ်ခင်းခြင်း | | | ✔ | | | |
| ၂ | မူလတန်းအဆင့်မှ အစိုးရအလယ်တန်းကျောင်းဖြစ်လာရန်။ | | ✔ | | | | |
| ၃ | အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ငွေကြေးစီမံခန့်ခွဲမှုသင်တန်း | | | | ✔ | | |
| ၄ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ ကျွမ်းကျင်မှုများတိုးတက်လာစေရေး။ | | | | ✔ | | |
| ၅ | သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်သည့် ချေးငွေပေးနိုင်သည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးရေး။ | | ✔ | | | | |
| ၆ | ကျေးရွာ၏ ကျန်းမာရေးသတင်းအချက်အလက် တိုးတက်လာစေရန် ဟောပြောပွဲများပြုလုပ်ခြင်း။ | | ✔ | | | | |

ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **စီမံအုပ်ချုပ်မှု** | | | | | |
| | ကျေးရွာသားများတွင် စီမံခန့်ခွဲမှုနှင့် ငွေကြေးစာရင်းဇယားများအသုံးပြုမှု နည်းခြင်း။ | - အတွေ့အကြုံ အားနည်းခြင်း၊<br>- နည်းပညာသင်တန်းများမရရှိခြင်း။ | - အချင်းချင်း စည်းလုံးမှု ရှိခြင်း။ | - ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှု အားနည်းခြင်း။ | - စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရယူခြင်း။ | -အဖွဲ့အစည်းဆိုင်ရာ အခြေခံ သဘောတရားသင်တန်း။<br>-ငွေကြေးစီမံခန့်ခွဲမှု သင်တန်း။ |
| | **စိုက်ပျိုးရေး** | | | | | |
| | စိုက်ပျိုးစရိတ် ရင်းနှီးမတည်ငွေ နည်းပါးခြင်း။ | - ချေးငွေရရှိနိုင်သောနေရာ နည်းပါးခြင်း။<br>- ကျေးရွာသားအများစုဆင်းရဲခြင်း။ | - ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်မှတဆင့် အစိုးရသို့ တင်ပြနိုင်ခြင်း။ | အစိုးရတွင် ငွေလုံးငွေရင်း ဘတ်ဂျက် အခက်အခဲရှိနိုင်ခြင်း။ | - ကာလရှည်ချေးငွေ ရရှိနိုင်ရန် အစိုးရ စိုက်ဘဏ်သို့ တင်ပြခြင်း။ | စိုက်ပျိုးရေးအတွက် ကာလရှည် ချေးငွေ ရရှိရန် ချိတ်ဆက် ဆောင်ရွက်ခြင်း |
| | **လမ်းတံတား** | | | | | |
| | - ရွာတွင်းလမ်းများ မကောင်းခြင်း | -မြေသားလမ်းဖြစ်ခြင်း<br>- မိုးရာသီတွင် ရေမြုပ်ခြင်း။ | - မြို့နှင့် ၂-မိုင်သာဝေးသောကြောင့် စက်ကရိယာများ အလွယ်တကူငှားနိုင်ခြင်း။ | - ကျေးရွာတွင် ရန်ပုံငွေ အားနည်းခြင်း။ | - ကျေးရွာနှင့် ကျေးလက်ဦးစီးပူးပေါင်း၍ ကွန်ကရစ်ခင်းနိုင်ရန်။ | အရည် ၁၇၀၀-ပေ အကျယ် ၆-ပေရှိ ရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်း။ |

ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **စိုက်ပျိုးရေး**<br>- သီးနှံပိုးမွှားများ ကျရောက်တတ်ခြင်း။<br>- သီးနှံအထွက်နှုန်း မကောင်းခြင်း။ | - ပိုးမွှား/ရောဂါ ကာကွယ် သည့်နည်းပညာ အားနည်းခြင်း။<br>- မျိုးကောင်း၊ မျိုးသန့် မသုံးနိုင်ခြင်း။ | - စိုက်ပျိုးရေးဌာန ရှိနေခြင်း | - ဌာနဆိုင်ရာများတွင် ကွင်းဆင်းဝန်ထမ်း နည်းပါးလွန်းခြင်း။ | - ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ နည်းပညာ သင်တန်းများရယူနိုင်ခြင်း။ | - ခေတ်မီစိုက်ပျိုးရေး နည်းပညာသင်တန်း။ |
| | **ကျန်းမာရေး** | | | | | |
| | ကျေးရွာလူထု အများစုတွင် ကျနးမာရေး အသိပညာ ဗဟုသုတအား နည်းခြင်း | -ကျန်းမာရေး လိုက်စားမှု အားနည်းခြင်း။<br>- စိတ်ဝင်စားမှု မရှိခြင်း | -ပုသိမ်မြို့နှင့် (၂) မိုင် အကွာတွင်သာရှိ၍ ဌာနဆိုင်ရာများနှင့် တိုင်ပင်ဆွေးနွေးနိုင်ခြင်း။ | - ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သော အလေ့အထမရှိခြင်း။ | - ကျန်းမာရေး ဝန်ကြီးဌာနနှင့် တိုင်ပင်ပြီး ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်နိုင်ခြင်း။ | - ကျန်းမာရေးပညာပေး ဟောပြောပွဲများ ကျင်းပနိုင်ရန် ဆောင်ရွက်ခြင်း |

## ပျဉ်းကတိုးကုံန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမင်းနိုင် | ဦးရွှေဒင်္ဂါး | ၁၄/ပသန (နိုင်) ၁၄၇၅၅၈ | ၄၈ | ဥက္ကဋ္ဌ | ၀၉၅၂၀၂၇၉၉ |
| ၂ | ဦးကျော်ခင် | ဦးမောင်နီ | ၁၂/သလန (နိုင်) ၀၇၆၉၇၅ | ၄၇ | ဒုဥက္ကဋ္ဌ | |
| ၃ | ဦးစစ်ဦး | ဦးတင်လှ | ၁၄/ပသန (နိုင်) ၂၄၈၀၆၂ | ၅၃ | အတွင်းရေးမှူး | |
| ၄ | ဦးနိုင်ဝင်း | ဦးသိန်းရွှေ | ၁၄/ပသန (နိုင်) ၀၈၇၆၅၃ | ၃၇ | တွဲအတွင်းရေးမှူး | |
| ၅ | ဦးတင်သန်း | ဦးထွန်းကြည် | ၁၄/ပသန (နိုင်) ၀၃၀၀၉၇ | ၅၁ | ဘဏ္ဍာရေးမှူး | |
| ၆ | ဦးနိုင်ဦး | ဦးဘိုရွှေ | ၁၄/ပသန (နိုင်) ၁၀၆၄၉၀ | ၄၆ | ဒုဘဏ္ဍာရေးမှူး | |
| ၇ | ဦးကျော်ဝင်းထွဋ် | ဦးညွှန့်မြိုင် | ၁၄/ပသန (နိုင်) ၁၆၆၃၃၈ | ၃၅ | စာရင်းကိုင် | |
| ၈ | ဦးမျိုးအောင် | ဦးလှရွှေ | ၁၄/ပသန (နိုင်) ၀၈၇၅၃၄ | ၃၈ | ဒုစာရင်းကိုင် | |
| ၉ | ဦးစိန်ဝင်း | ဦးမောင်ကြိုင် | ၁၄/ပသန (နိုင်) ၂၉၄၇၃၁ | ၅၀ | အဖွဲ့ဝင် | |
| ၁၀ | ဦးအောင်မိုး | ဦးတံတေး | ၁၄/ပသန (နိုင်) ၂၁၇၁၁၄ | ၃၈ | အဖွဲ့ဝင် | |
| ၁၁ | ဦးဇော်မိုးဦး | ဦးတင်လှ | ၁၄/ပသန (နိုင်) ၀၀၀၉၅၁ | ၄၅ | အဖွဲ့ဝင် | |
| ၁၂ | ဦးအောင်ကျော်မျိုး | ဦးအုန်းမြင့် | ၁၄/ပသန (နိုင်) ၀၉၃၀၁၉ | ၃၉ | အဖွဲ့ဝင် | |
| ၁၃ | ဦးခင်မောင်လွင် | ဦးမှတ်ကြီး | ၁၄/ပသန (နိုင်) ၂၁၅၇၃၆ | ၄၅ | အဖွဲ့ဝင် | |
| ၁၄ | ဦးငွေအောင် | ဦးမောင်စု | ၁၄/ပသန (နိုင်) ၀၃၀၁၂၉ | ၅၅ | အဖွဲ့ဝင် | |
| ၁၅ | ဦးအေးကြွယ် | ဦးမောင်ကြိုင် | ၁၄/ပသန (နိုင်) ၀၂၉၉၈၆ | ၅၅ | အဖွဲ့ဝင် | 09.422.470382 |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၈ | ၁၈ | ၂၆ | ၂.၁၅ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၄၂ | ၄၁ | ၈၃ | ၆.၈၈ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၄၃ | ၆၂ | ၁၀၅ | ၈.၆၉ |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၄ | ၅၉ | ၁၁၃ | ၉.၃၅ |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၀၃ | ၄၂၅ | ၈၂၈ | ၆၈.၅၄ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၀ | ၃၃ | ၅၃ | ၄.၃၈ |
| **စုစုပေါင်း လူဦးရေ** | | ၅၇၀ | ၆၃၈ | ၁၂၀၈ | |
| **စုစုပေါင်း အိမ်ထောင်စု** - ၁၈၃ | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ** - | | | ၄.၂ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။**

အထက်ပါ ဇယားအရ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၈.၅၄ နှုန်းရှိသောကြောင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးပါသည်။

ကျေးရွာတွင် ကျား -၄၀၃ ၊ မ ၄၂၅ ယောက်ရှိသဖြင့် ကျား.ဦးရေထက်၊ မ. ဦးရေကပိုများနေသည်ကို တွေ့ရပါသည်။

ကျေးရွာတွင် တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ ၄.၂% နှုန်းရှိသဖြင့် နိုင်ငံတော်၏ သတ်မှတ် တစ်အိမ်ထောင်လူဦးရေ (၅) ဦးထက် လျော့နည်းသည်ကို တွေ့ရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၉ | ၁၀.၁ | ၁၈ | ၂၅ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁.၇ | ၁၀ | ၇ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | ငါးဖမ်း လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | မရှိ |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | မရှိ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | မရှိ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | မရှိ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇ | ၂.၄ | မရှိ | ၄၀ | |
| ၈ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | မရှိ | | | | မရှိ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | မရှိ | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | မရှိ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅၆ | ၁၉.၅ | - | ၃၂ | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၂.၄ | ၁၅ | ၃ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | မရှိ |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၁ | ၇.၃ | ၁၀ | ၅ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၃ | **ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေရေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၁.၄ | မရှိ | မရှိ | မရှိ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | မရှိ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | မရှိ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၇ | ကျန်းမာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | - | မရှိ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၆၀ | ၅၅.၇ | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | မရှိ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။**

ကျေးရွာတွင်း မိသားစုအများစုမှာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ နည်းပါးပြီး၊ ဈေးရောင်း ခေါင်းရွက်ဗျက်ထိုးနှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ အနည်းစုနှင့် ကျပန်းလုပ်ကိုင်သူဦးရေ တိုးများသည်ကို တွေ့ရပါသည်။ ထို့အပြင် အထည်ချုပ်စက်ရုံတွင် လုပ်ကိုင်သူများလည်းရှိကျပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | | | | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | မရှိ | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | မရှိ | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | မရှိ | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၃၅၀၀ | ၃၀၀၀ | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၉၆၀၀ | | ၈၂၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | မရှိ | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။ ။**

ကျွန်တော်တို့၏ ကျေးရွာအတွင်း၌ လယ်ယာလုပ်ငန်းထက် မနီးမဝေးရှိ အထည်ချုပ်လုပ်ငန်းမှာ အမျိုးသမီး မိန်းကလေးများအတွက် လယ်လုပ်ငန်းထက် အထည်ချုပ် လုပ်ငန်းမှာ ဝင်ငွေပိုရပြီး လုပ်ငန်းဆက်မပြတ်လုပ်ကိုင်နေကြရသဖြင့် ကောက်စိုက်ချိန်၌ ကောက်စိုက်သူ ရှားပါးခြင်းကို တွေ့ရှိရပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၂၀၄ | သင့် | ရ | ၁၅၀ – ဧက |
| ယာမြေ /တောင်ယာ | မရှိ | | | |
| ဥယျာဉ်ခြံမြေ | ၂၃.၅ | – | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၁၂ | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၁၂၁ | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | ။ | | | |
| ကိုင်း/ကျွန်းမြေ | ။ | | | |
| စားကျက်မြေ | ။ | | | |
| ပလပ်မြေ | ။ | | | |
| အခြား | ။ | | | |
| စုစုပေါင်း | ၈၀၆.၉၃ | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။

ကျေးရွာတွင် စိုက်ပျိုးမြေမှာ အသင့်မျှသာရှိပြီး၊ ရာသီ သစ်ပင်ဥယျာဉ် စိုက်ပျိုးမှုနှင့် အခြားမြေယာမှာ ဥယျာဉ်ခြံနှင့် တပိုင်တနိုင် နှစ်ရှည်ပင် စိုက်ခင်းများ ဖြစ်ကြပါသည်။ လယ်မြေမှာ မြေန နန်းမြေဖြစ်ပြီး အိမ်စိုက်ခင်းများမှာ ယာသီအလိုက် စိုက်ပျိုး၍ ရသော မြေများဖြစ်ပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | |
| အခြား ရင်းမြစ်များ | မရှိ | |
| အခြားသဘာဝ ရင်းမြစ် | မရှိ | |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။**

ကျေးရွာတွင်းနှင့် ပတ်ဝန်းကျင်တွင် မြွေ၊ ခရုကဲ့သို့သော သဘာဝ တိရစ္ဆာန်မျိုးစိတ်များ ၊ အခြားတိရစ္ဆာန်မျိုးစိတ် အနည်းငယ်လည်း တွေ့ရှိရပါသည်။ နွားစားမြက် အမျိုးမျိုး နှင့် ဆေးဘက်ဝင်အပင်အနည်းငယ် တွေ့ရပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၄-ဧကအထက် | ၁.၄ အကြား | ၁-ဧကအောက် | မြေမဲ့ ယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ် | သစ်အိမ် | သစ်-ဓနိ | ဝါး-ဓနိ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ကားပိုင် | သုံးဘီးဆိုင်ကယ် | ဆိုင်ကယ် | ဆိုင်ကယ် |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ရေခဲသေတ္တာ | တီဗွီ၊ ဗွီဒီယို | | |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်ဈေးဆိုင် | လယ်-ဈေးဆိုင် | ဈေးရောင်း | ကျပန်း |
| အခြားပိုင်ဆိုင်မှု | မရှိ | မရှိ | မရှိ | မရှိ |
| အိမ်ထောင်စု - | ၆ ( ၂%) | ၅၇ (၁၉%) | ၁၅၇ (၅၈%) | ၅၈ (၂၀%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် **အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ ။**

အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိ အိမ်ထောင်စုတို့မှာ လယ်နှင့် အိမ်ခြံဝင်း စိုက်ပျိုးမြေအသင့်အတင့်ရှိကြပြီး၊ ဆင်းရဲသော အိမ်ထောင်စုတို့မှာ စိုက်ပျိုးမြေရှိဘဲ၊

အိမ် တစ်ရာစာသာ ရှိကြပြီး၊ အလွန်ဆင်းရဲသော မိသားစုတို့မှာ မြေယာမဲ့ဖြစ်ကြ၍ မိမိတို့ ဆွေမျိုးများအပေါ်မှီခိုနေကြကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် အိမ်ထောင်စုအားလုံးသည် အလုပ်အကိုင်/အရောင်း အဝယ်စသည့် လုပ်ငန်းများ သွားလာလုပ်ကိုင်ရာတွင် ဆက်သွယ်ရေးလမ်း မကောင်း ပါသဖြင့် သွား/လာရေး အခက်ခဲနှင့် ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာစေန အဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂ | ၁၃.၃ | အကြွေးယူစနစ်ဖြင့် ဖြေရှင်းကြသည်။ |
| ၃ လနှင့် ၆ လအောက် | ၇ | ၄၆.၇ | |
| ၆ လ မှ ၁၂ လ အထိ | ၆ | ၄၀.၀ | |

ရင်းမြစ်..ဥစ္စာစေနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

ကျေးရွာတွင် ဝမ်းစာဖူလုံမှု မရှိသူများမှာ လက်လုပ်လက်စား ကျပန်း အလုပ်သမားများ ဖြစ်ကြပြီး ဝင်ငွေ ပုံမှန် မရှိသဖြင့် အကြွေးတင်မှု ပမာဏမှာ အနည်းဆုံး ၁၂၀၀၀၀ ကျပ်မှ ၆၀၀၀၀၀ိ/ - အထိ ရှိကြကြောင်း တွေ့ရှိရပါသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | မရှိ | မရှိ | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။**..........................................................

